*မေ့မရနိုင်တဲ့*

# Salai Ram Ling Hmung

(သို့) ဇလပ်နီ ချစ်သူ ဆလိုင်း ဟောမန်လိန်း

***ဆလိုင်းကစ်(ပ်) ချင်းပြည်***

## (၁) ဖူးငုံစ ပွင့်သစ်ပန်း ကလေးများနဲ့ အတူ

မုန်တိုင်းတွေလဲစဲခဲ့ပြီ။ ပင်ကြီးပင်ငယ်မရွေး ရှိရှိသမျှသစ်ပင်များလည်း၊ လဲပြိုခဲ့ကြတယ်။ သစ်ကိုင်းတို့ ကျိုးကျ၊ မြက်ပင်တွေကြေမွ၊ ကန့်ကော်ပန်း များလဲမြေခ၊ ပင်ပေါ်စံနွမ်းလျပန်း တို့ဟာလည်း သင်းရနံ့တို့ ကင်းမဲ့၊ ယမ်းနံ့ တို့ ကသာ စွဲခဲ့ကြရတယ်။

ပင်ပန်းနွမ်းနယ်နေတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းပရဝုဏ်အတွင်း နေခြည်သစ်တို့ ဖြာဆင်းချိန်၊ အသစ်တဖန် ပြန်လည် ရှင်သန်လာကြတဲ့ ပန်းမာလာတို့ဟာလည်း ဖူးငုံစအချိန်၊ အသစ်သော လေပြေလေညင်း တို့နဲ့အတူ သစ်လွင်ခြင်းရဲ့ရနံ့များနဲ့ ပြန်လည်သင်းထုံစအချိန်။

ထိုမည်သော ကာလအချိန်လေးမှာ ကျနော် ဆလိုင်းရမ်းလိန်မှုန်း ကိုကန့်ကော်တောရဲ့ နူးညံ့ဆန်းသစ်တဲ့တေး ကဗျာတွေ ကြားထဲမှာ စတင်သိကြွမ်းခဲ့ရပါတယ်။ လှပသောနှလုံးသားပိုင်ရှင်၊ ထက်မြက်သောအတွေး အမြင်တို့နဲ့ ဤကမ္ဘာ လောကကို အလှဆင်နိုင်စွမ်းရှိတဲ့ တေးကဗျာများပိုင်ရှင်၊ ဆလိုင်းရမ်းလိန်မှုန်း (သို့မဟုတ်) ဇလပ်နီ ချစ်သူ ဆလိုင်းဟောမန်လိန်း။

ချင်းပြည်ရဲ့ စစ်မှန်တဲ့သားကောင်း ရတနာတစ်ဦး။ ၁၉၇၉–၁၉၈၀ တက္ကသိုလ်များရန်ကုန်၊ ချင်းစာပေနှင့် ယဉ်ကျေးမှု ကော်မီတီ (ခစယ) ရဲ့အထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့သူ၊ အမြင့်ပျံ အောက်ချင်းငှက်။

လူထုတိုက်ပွဲ၊ မုန်တိုင်းများပြင်းထန်လာခဲ့ပြီး အပြစ်မဲ့ ကျောင်းသား၊ အလုပ်သမား၊ ရဟန်းရှင် ပြည်သူတို့ သွေးချောင်း သွင်သွင်စီးခဲ့တဲ့ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ များ ကာလတွေကျော်လွန်ခဲ့ကြပေမဲ့ ပြည်သူတွေရဲ့ လွတ်မြောက်ရေးတိုက်ပွဲ အရှိန်အဟုန်တွေနဲ့ အငွေ့အသက်တွေကို ကျောင်းသားများရဲ့ ရင်ခုန်သံ တေးကဗျာ တွေမှာထင်ဟပ် မြင်တွေ့နေရဆဲပါ။ ကျောင်းသား၊ ပြည်သူ၊ အလုပ်သမားထုတို့ "သွေးချောင်းစီး၍ သွေးပေါင်း စည်း" ခဲ့ကြတဲ့အင်အားစုကို ဖြိုခွင်းဖို့အတွက် တက္ကသိုလ်ကျောင်းတွေကို အသစ်တဖန် ဖွင့်လှစ်လိုက်တဲ့ အချိန်မှာ၊ တော်လှန်သော ကျောင်းသားအစဉ်အလာကို ဖြိုခွဲဖို့ရည်ရွယ်ပြီး၊ ဒေသကောလိပ် (**Regional College**) အသွင်နဲ့ ဒေသအလိုက် အကွဲကွဲအပြားပြား စတင်ဖွင့်လှစ်ခဲ့တဲ့ ကာလ ဖြစ်ပါတယ်။ အချို့သော ကျောင်းသားဟောင်း တွေကသူတို့လေးတွေကို "ရီချင်တယ်ကောလိပ် ကျောင်းသားတွေ" ဆိုပြီးအထင် အမြင်သေးခဲ့ကြပေမဲ့ ဒီမျိုးဆက်သစ် ကျောင်းသားလူငယ်တွေနဲ့ အဆက်မပြတ် ထိတွေ့ခဲ့ကြတဲ့အပယ်ခံ၊ အထုတ်ခံ တိုက်ပွဲဝင် ကျောင်းသားဟောင်းကျနော်တို့ တတွေအနေနဲ့ ဆလိုင်းရမ်းလိန်မှုန်း ကိုယ်တိုင် နောက်ပြောင် အသုံးပြုခဲ့တဲ့

စကားလုံးအတိုင်း ပြောရရင် ''ရယ်ခြင်တယ်ကျောင်းသားများ'' ရယ်လို့ တစ်ခါမှ မထင်ခဲ့မိ၊ မမြင်ခဲ့မိပါ။ ဘာလို့လဲ ဆိုတော့ သူတို့နဲ့ ကျနော်တို့တတွေဟာ ရင်ခုန်သံခြင်း တထပ်တည်း တူညီခဲ့ကြလို့ပါဘဲ။

## (၂) ''ရိ''ရေကန်ထဲက လှိုင်းဂယက်ကလေးများနဲ့ အတူ

**xxx ဗို့ ရဲ့နှစ်လုံးသားဟာ ''ရိ''ရေကန်ငယ်နဲ့ တူပေမဲ့ xxx ခံစားခဲ့ရတဲ့ဗို့ ရဲ့ဘဝကတော့၊ xxx မဏိပူရမြစ်နှယ် xxx**

၁၉၇၈ ခုနှစ် (၃၀) နှစ်မြောက် ချင်းအမျိုးသားနေ့ အဖွင့်သီချင်းကို ဆလိုင်းရမ်းလိန်မှုန်းနဲ့ ကျနော်အတူ တကွ ရေးသီဖွဲ့ ဆိုခဲ့ကြရာမှာ သူကသာယာငြိမ်းချမ်းမှုကို လိုလားတဲ့၊ ချင်းပြည်သူတွေရဲ လှပတဲ့နှလုံးသားကို ချင်းပြည်မှာ ရှိတဲ့ အသဲနှလုံးပုံဆောင် သဘာဝ ''ရိ'' ရေအိုင်ငယ်ကလေးနဲ့ ဥပစာတင်စားပြီး ရင်ခုန်ခဲ့တယ်။

ဒီလိုလှပတဲ့ နှလုံးသားတို့ကို ပိုင်ဆိုင်ကြလင့်ကစား၊ ချင်းပြည်သူတွေရဲ့ ဘဝဟာ လှပသာယာတယ်ရယ်လို့ မရှိခဲ့၊ ''မဏိပူရမြစ်'' လိုဘဲ ကြမ်းတမ်းခက်ထန်တဲ့ ဘဝခရီးကိုလျှောက်နေရဆဲဖြစ်တယ် ဆိုတာကိုထပ်ဆင့်ပြီး ကျနော့်ရဲ့ ရင်ခုန်သံနဲ့ ဖြည့်စွက်ထောက်ကူ ပေါင်းစပ်လိုက်တဲ့အခါမှာ ''တောင်ဇလပ်မြေ၏ ရင်ခုန်သံ'' ဆိုတဲ့ တေးကဗျာလေး တစ်ပုဒ် မွေးဖွားခဲ့ရပါတယ်။

တေးကဗျာလေးရဲ့ သံစဉ်တေးသွားကို ဆလိုင်း သွဲအောင် ''အရိုင်းမြေမှ တောင်ပန်လေးများ'' နဲ့ နောက်ခံ တေးဂီတ အစီအစဉ်ကို ဆလိုင်း ဇာလျုန်း "The Aces" တို့ကပါဝင် ချယ်မှုန်းခဲ့ကြပါတယ်။

**xxx ''ငြိမ်းချမ်းရေးအတွက် ခိုင်ခိုင်ခန့်ခန့်ရပ်တည်ခဲ့တဲ့ xxx ဗို့ရဲ့သမိုင်း ဒီအစဉ်အလာကောင်းတွေ၊ ထိန်းသိမ်းရင်း သာယာတော့မဲ့ ဘဝသစ်ဆီကို xxx အားမာန်သစ်တွေနဲ့ လျှောက်လှမ်းမယ်။''**

ဒီတေးကဗျာလေး မွေးဖွားရှင်သန်ခဲ့ပြီး အားမာန်သစ်တွေလောင်းခဲ့ပေမဲ့၊ ဆယ်စုနှစ်သုံးခုကိုကျော်လွှား ဖြတ်သန်းခဲ့ တဲ့အချိန်မှာလည်း၊ ကျနော်တို့ချစ်တဲ့ ချင်းပြည်သူတွေရဲ့ဘဝဟာ ဘာမှထူးခြားမလာတဲ့အပြင် ပိုလို့တောင် ဆိုးဝါး ခဲ့ရပြီး ဒီအဖြစ်သနစ်တွေကို တွေးမိတိုင်း၊ ချင်းပြည်သူတွေရဲ့ နှလုံးသား ''ရိ'' ရေကန်ငယ်ကလေးထဲမှာ ဒေါသလှိုင်း တန်ဘိုးတွေဟာ ဘောင်ဘင်လှုပ်ခါ၊ မြည်ဟီး၊ ရိုက်ခတ်နေဆဲပါ။

**xxx ''ရိ''ထဲကို ''မဏိပူရမြစ်'' ဖြတ်သန်းတိုင်း xxx ရိုက်ခတ်တဲ့ လှိုင်းတံပိုးသံများဟာ xxx မမြင်ရသေးတဲ့ သာယာတော့မဲ့ ဘဝသစ်ကို၊ ကြားယောင်စေ၊ မြင်ယောင်စေခဲ့တယ် xxx**

ဆလိုင်းရမ်လိန်မှုန်း တစ်ယောက် ထာဝရအိပ်စက်အနားယူသွားခဲ့ပေမဲ့ သူချစ်တဲ့ ''တောင်ဇလပ်မြေ'' ကတော့ ''ရင်ခုန်သံ'' မဆဲ၊ ''မမြင်ရသေးတဲ့ သာယာတော့မဲ့ ဘဝသစ်'' ဆီကို ဦးတည်ပြီး ညည်းတွားအားယူ၊ ရုန်းကန် လျှောက်လှမ်းနေဆဲပါ။

## (၃) အတွေးအခေါ်သစ် တော်လှန်ရေးရဲ့ လှိုင်းဂယက်လေးများနဲ့ အတူ

၁၉၇၇-၇၈ တက္ကသိုလ်များရန်ကုန်၊ ချင်းမဂ္ဂဇင်းရဲ့ ထုတ်ဝေသူအဖြစ် အတိတ်နဲ့ မတူတမူ ထူးခြားတဲ့ ချင်းမဂ္ဂဇင်း ကိုထုတ်ဝေနိုင်ခဲ့တယ်။ ကာတွန်းဆရာ ပန်းချီဆရာများဖြစ်ကြတဲ့ လူရွှေတောင်တန်း ဆလိုင်းမိုးယဉ်သဲရာ၊ ငြိမ်းငြိမ်း စတဲ့ လူငယ်မျိုးဆက်သစ်တွေကိုစည်းရုံးပြီး၊ အတွေးအမြင်သစ်တွေကို အနုပညာ၊ စာပေရေးသားဟန်၊ ပန်းချီ၊

ကာတွန်း သရုပ်ဖော် ထောင့်ပေါင်းစုံမှ သစ်ဆန်းပြောင်းလဲစေခဲ့တဲ့အပြင် ချင်းမျိုး ဆက်သစ်တွေကို တပ်လှန့်လှုပ်နှိုးခဲ့သူဟာ ဆလိုင်းရမ်းလိန်မှုန်း ဘဲဖြစ်ပါတယ်။ ချင်းစာပေရေးရာ၊ အနုပညာနဲ့ အတွေးအခေါ်ပိုင်းမှာ ကျနော်တို့ မေ့ပျောက်လို့ မရတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ် ပြုရ မှာပါဘဲ။ အထူးသဖြင့် မဂ္ဂဇင်းကို ပိုစတာကပ်ကြော်ငြာရာမှာ ဆလိုင်းအိုက်ဆွေ (ပလက်ဝ) ရဲ့ **“ရိုးမကို တော်လှန်ကြစို့”** ဆောင်းပါးနဲ့ မီးမောင်းထိုးပေးခဲ့ပြီး၊ စာဖတ်သူတို့ရင်ကိုလှုပ်ခါစေခဲ့တယ်။ အဲဒီဆောင်းပါး မှာစာရေးသူက ရှေးချင်းဘိုးဘေးတို့ရဲ့ တစ်မျိုးတစ်နွယ်ထည်းဘဝ၊ ချင်းတို့ ဌာနေရိုးမတောင်တန်းကြီးရဲ့ အလှကျက်သရေနဲ့ ဒီရိုးမတောင်တန်းကြီးရဲ့ လူ့စိတ်နှလုံးကို စွဲလန်းမှုဖြစ်စေနိုင်တဲ့ စွမ်းပကားတွေကြောင့် ကျနော်တို့ရဲ့ ရှေးချင်း ဘိုးဘေးတို့က ဒီရိုးမတောင်တန်းကြီးကို ချင်းတို့ ဌာနေအဖြစ် ရွေးချယ်ခဲ့ဟန်တူ ကြောင်း၊ စသည်ဖြင့်နိဒါန်းပျိုးခဲ့ပြီး၊ နောင်နှစ်ပေါင်းရှည်ကြာလာတဲ့အခါမှာ အုပ်စုတွေကွဲပြီး၊ သူ့ရဲ့မက်မောဘွယ်၊ ရင်သပ်ရှုမောဘွယ်၊ အလှကျက်သရေတွေကို စွဲလန်းမှုကြောင့် ဒီရိုးမ တောင်တန်းကြီးအနှံ့ဖြန့်ကျက် နေထိုင်ခဲ့ပေမဲ့၊ အကွဲကွဲအပြားပြားဖြစ်သွားကြတဲ့ မျိုးချင်းညီအစ်ကိုတွေကို “လူစိမ်းပမာ” ဖြစ်လာကြအောင်၊ အလွယ်တကူပြန်လည် မဆုံစည်းနိုင်အောင် ဒီရိုးမတောင်တန်းကြီး ကပဲဟန့်တားစည်းခြားခဲ့ပုံ၊ မျိုး ချင်းညီအစ်ကိုတို့ ကွဲပြားစေ ခဲ့တဲ့အရင်းအမြစ် တရားခံကို စာရေးသူ ဆလိုင်း အိုက်ဆွေ (ပလက်ဝ) က အောက်ပါ အတိုင်းဖော်ပြခဲ့ပါတယ်။

“ထိုသို့၊ မလိုလားအပ်သော ဖြစ်ရပ်များဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်းကိုလေ့လာလျှင် ထိုသို့ ဖြစ်ရပ်များဖြစ်လာအောင် ချင်းအမျိုးသား၏ တမင်ကြံစလုပ်ဆောင်ခြင်းကား လုံးဝမဟုတ်ပေ။ သေချာဂဏ လေ့လာလျှင် အကြောင်းရင်းအမှန် ရာဇဝတ်ကောင်ကား ကောက်ကျစ်၍ အဆင်းမလှသော အတွင်းသရုပ် သဘောဝါဒဆိုးကို ကျင့်သုံးသည့် ရိုးမပင် ဖြစ်ပေတော့သည်။” .............

ရိုးမရဲ့ ဝါဒဆိုးကိုတော်လှန်ကြဖို့ ဆလိုင်းအိုက်ဆွေ (ပလက်ဝ) ရဲ့ တိုက်ပွဲခေါ်သံဟာ ချင်းမဂ္ဂင်းကနေတဆင့် ပြန့်နှံ့ခဲ့ပြီး နားဆင်သူတို့ကြားရ၊ နှလုံးသားရှိတဲ့ မျိုးဆက်သစ်တို့ ကိုရင်ခုန်ခဲ့ကြရပါတယ်။ ဆလိုင်း အိုက်ဆွေ (ပလက်ဝ) က ဆက်လက်ဖော်ပြရာမှာ “ရိုးမ၏ ဝါဒဆိုးကိုတော်လှန်ဖို့ လက်နက်ကား၊ ပစ်ဖေါက်နိုင်သော လက်နက်မျိုးမဟုတ်။ စိတ်ဓာတ်သာဖြစ်သည်။ ရီနေးဆန်း ကဲ့သို့သော ဉာဏ်သစ်လောင်း အတွေးအခေါ် ပြောင်းလဲသည့် တော်လှန်ရေး ကိုသာဆင်နွှဲဖို့လိုသည်”

သက်မဲ့၊ ရုပ်ဝတ္ထုပစ္စည်းဖြစ်တဲ့ “ရိုးမ” ကို ရန်သူအဖြစ်ပြစ်မှတ်ထားပြီး တော်လှန်ခြားနားကြဖို့ တိုက်ပွဲခေါ် ခဲ့ရာမှာ ဆလိုင်းအိုက်ဆွေ (ပလက်ဝ) ဟာ အမှန်မှာတော့ ကျနော်တို့တတွေရဲ့ အတွေးအခေါ်တွေထဲမှာ မျိုးနွယ်ဒေသခွဲခြားတတ်တဲ့ ညဉ့်ဆိုးအတွေးအခေါ် ဟောင်းတွေကို “ရိုးမ” နဲ့ တင်စားပြီး အတွေးအခေါ်သစ် တွေနဲ့ အစားထိုးကာတော်လှန်ပြောင်းလဲပြစ်ဖို့ တိုက်ပွဲခေါ်လိုက်တာဖြစ်ကြောင်း ကျနော်တို့ နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ခဲ့ကြပါတယ်။

၁၉၇၃ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းပရဝုန်အတွင်းမှာ စတင်သန္ဓေတည်ခဲ့ပြီး ဒေသစွဲ စိတ်ဓာတ်ဟောင်း အတွေးအခေါ်ဟောင်းတွေကို ဉာဏ်သစ်လောင်းအတွေးအခေါ်ပြောင်းဖို့ ရည်ရွယ်ပြီး ပေါ်ပေါက်ခဲ့တဲ့ “ဆလိုင်းမိုင်လှုပ်ရှားမှု” ဟာ လူ့သမိုင်းတလျှောက်မှာ ပေါ်ထွန်းခဲ့တဲ့အတွေးအခေါ်သစ် တော်လှန်ရေးတို့ ရဲ့ ထုံးနဲ့အညီ မလွဲမရှောင်သာ အကွေ့အကောက် အထစ်အငေါ့တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ၁၉၇၄၊ ၇၅၊ ၇၆ မှန်တိုင်းများ

ပြင်းထန်နေချိန်မှာ တိုက်ပွဲတွေရဲ့ အရှိန်အဟုန်နဲ့အတူ တက္ကသိုလ်ကျောင်းတွေကိုလည်း စစ်အုပ်စုက ပိတ်ချီ တစ်လှည့် ဖွင့်ချီ တစ်လှည့် လုပ်နေခဲ့တော့ "ဆလိုင်းမိုင် လှုပ်ရှားမှု" ရဲ့ အရှိန်အဟုန် ဟာ တုန့်နှေးခဲ့ရတယ်။

၁၉၇၆ အလွန်ဒီဘက်ပိုင်းကိုရောက်လာတဲ့အချိန်မှာတော့"ဆလိုင်းမိုင် လှုပ်ရှားမှု"ဟာ ဆလိုင်းရမ်းလိန်မှုန်း တို့လို "ဖူးပွင့်ဝေဆာလျက်ရှိသောပွင့်သစ်ပန်းကလေးများ"နဲ့ အတူ အတွေးအခေါ် သစ် တော်လှန်ရေး လှုပ်ရှားမှု အသွင်ကို ပီပီပြင်ပြင်ဆောင်လာခဲ့တယ်။ "ဆလိုင်းမိုင် အတွေးအခေါ်" "ဆလိုင်းမိုင် စာပေ" စတဲ့ အထောက် အကူတွေ ရယူခဲ့ပြီး၊ အထူးသဖြင့် "ခစယ" အတွင်းရေးမှူး တစ်ဦး ဖြစ်ခဲ့တဲ့ ကျောင်းသား ခေါင်းဆောင် **ဆလိုင်း တင်မောင်ဦး** ကိုစစ်အုပ်စုက ကြိုးပေးသတ်ဖြတ်ခဲ့တဲ့ နောက် ပိုင်းမှာ "ဆလိုင်းမိုင် လှုပ်ရှားမှု" ဟာပိုပြီး အားကောင်း ခဲ့ပါတယ်။

ဆလိုင်းအိုက်ဆွေ (ပလက်ဝ) ရဲ့ **"ရှီးမကို တော်လှန်ကြစို့"**ဆောင်းပါးဟာလဲ လူငယ်မျိုးဆက်သစ်တွေကို အသစ်တစ်ဖန်ပြန်လည်လှုပ်နှိုးလိုက်ပြီး "ဆလိုင်းမိုင်လှုပ်ရှားမှု"မှုကို မကုန်မခမ်းနိုင်တဲ့ ခွန်အားအသစ် တွေနဲ့ ထောက်ကူ အားဖြည့်ပေးနိုင်ခဲ့ပါတယ်။ အားသစ်လောင်းလာတဲ့ "ဆလိုင်းမိုင်လှုပ်ရှားမှု" ဟာ လဲ မျိုးနွယ်၊ ဒေသ၊ မြို့နယ်အစရှိတဲ့ စည်းရိုးတွေကို ဖြတ်သန်းကျော်လွှား နိုင်ခဲ့ပါတယ်။ အဲဒီကာလမှာ ဆလိုင်း ရမ်းလိန်မှုန်း ဟာ သူ့ရဲ့ စူးရှထက်မျက်တဲ့ အယူအဆတွေနဲ့ ပေါင်းစပ်ပြီး အတွေးအခေါ်သစ် တော်လှန်ရေး ရဲ့ လှိုင်းဂယက်လေးများနဲ့ အတူ ထိပ်ဆုံးမှာပါဝင်ဦး ဆောင်ခဲ့တာ ဖြစ်ပါ တယ်။

## (၄) ရှစ်လေးလုံး ဒီမိုကရေစီ တော်လှန်ရေးကြီးရဲ့ လှိုင်းဂယက်လေးများနဲ့ အတူ

ရှစ်လေးလုံးဒီမိုကရေစီ တော်လှန်ရေးကြီး ပေါ်ပေါက်လာပြီး သမဂ္ဂတွေကိုယ်စီဖွဲ့စည်းကြတဲ့ အချိန်မှာ ဆလိုင်း ရမ်လိန်မှုန်းဟာ တချိန်က "ခစယ" အတွင်းရေးမှူးတစ်ဦးဖြစ်ခဲ့တဲ့ အမြင့်ပျံအောက်ချင်းငှက် တန်နန်လျန်းထန် (ယခု Chin Forum) ဥက္ကဋ္ဌ အဖြစ်ဦးဆောင်ပြီး၊ ဒေါက်တာ ဆလိုင်းလျန်မှုန်း၊ ဆလိုင်းငိုင်စပ်၊ တန်ထန်လျန်ပေါင် (ယခု ZNC)၊ ဆရာရိုဇထန်း (ယခု ZORO) ၊ ဆလိုင်းနီးလျန်၊ ပုံလေးလျန်၊ ဆလိုင်း အာလ်ထောင်း (ချင်းအမျိုးသား တပ်မတော်ကျဆုံး)၊ ဝုန်ဇပေါင်၊ ဂင်ကမ်းလျန်၊ နိမ်ဟောက်ကင်း၊ ငွန်းလွေထန်း အစရှိတဲ့ ချင်းခေါင်းဆောင် တွေနဲ့ အတူ ချင်းအမျိုးသားသမဂ္ဂ (Chin National Union-CNU) ကို ပါဝင်ထူထောင်ခဲ့တယ်။ CNU ရဲ့ အလံ အောက်မှာ ပြည်သူလူထုနဲ့ အတူ ရှစ်လေးလုံးအရေးတော်ပုံကြီးကို အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲခဲ့ပါတယ်။ သူပါဝင်ထူထောင်ခဲ့တဲ့ ချင်းအမျိုးသားသမဂ္ဂ (Chin National Union-CNU) ဟာ ၁၉၆၂ နှစ်နောက်ပိုင်းမှာ ပေါ်ပေါက် ခဲ့တဲ့ ချင်းနိုင်ငံရေးအဖွဲ့အစည်းတွေထဲမှာ ပထမဦးဆုံး အနေနဲ့ ချင်းတမျိုးသားလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ ဆလိုင်းရမ်လိန်မှုန်း ဟာ အဲဒီကာလက ဝါရင့် ခွပ်ဒေါင်းရဲဘော် ကိုနေဝင်းမော်နဲ့ အခြား ခွပ်ဒေါင်း ရဲဘော်တို့နဲ့လည်း လက်တွဲပြီး အရေးတော်ပုံကြီး အောင်မြင်ရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။

ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (Chin National League for Democracy – CNLD) ထူထောင်တော့လည်း ဆလိုင်း ရမ်လိန်မှုန်းက ဥက္ကဋ္ဌ၊ တက္ကသိုလ် ကျောင်းသားဘဝ တလျှောက်လုံး လက်တွဲခဲ့ကြပြီး၊ "ခစယ" အတွင်းရေးမှူး တစ်ဦးလည်း ဖြစ်ခဲ့တဲ့ အမြင့်ပျံအောက်ချင်းငှက် ဒေါက်တာဆလိုင်းလျန်မှုန်းက အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီး၊ ပူးကျင်ရှင်းထန် (ယခု ZNC, CRPP)၊ ပူးထန်လျန်းပေါင်၊ ပူးလျန်အုပ် (ယခု Chin Forum) အစရှိတဲ့ ဝါရင့် ချင်းနိုင်ငံရေး ခေါင်းဆောင်များနဲ့ လက်တွဲဖြစ်ခဲ့ကြပါတယ်။

United Nationalities Leagues for Democracy (UNLD) ကို ထူထောင်တော့လဲ ဆလိုင်း ရမ်လိန်မှုန်းနဲ့ ဒေါက်တာ ဆလိုင်း လျန်မှုန်းဆာခေါင်း (ယခု Chin Forum, ENC) တို့ဟာ အဓိကအခမ်းကဏ္ဍကနေ ပါဝင်ခဲ့သူများ ဖြစ်ကြပါတယ်။ သူတို့ဟာ ရှစ်လေးလုံးမျိုးဆက်သစ်များအဖြစ်နဲ့ တိုက်ပွဲဝင်ခဲ့ကြပြီး၊ ဒုတိယအကြိမ် လွတ်လပ်ရေး တိုက်ပွဲရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် စတဲ့ခေါင်းဆောင်များနဲ့လည်း လက်တွဲခဲ့ကြတယ်။

ဆလိုင်း ရမ်လိန်မှုန်းနဲ့ ဒေါက်တာ ဆလိုင်း လျန်မှုန်း တို့လို ၁၉၇၄၊ ၇၅၊ ၇၆ ခုနှစ် တိုက်ပွဲများအလွန် မျိုးဆက်တွေကို စစ်အုပ်စုက ဒေသကောလိပ် (Regional College) တွေအသစ်ဖွင့်ပြီး၊ ကျောင်းသားမျိုးဆက်ဟောင်းတွေနဲ့ လူစုခွဲခဲ့ပေမဲ့၊ တော်လှန်သော ကျောင်းသားတို့ရဲ့ အစဉ်အလာဟာ ပျောက်ကွယ်ရိုးထုံးစံမရှိခဲ့ပါ။ ရှစ်လေးလုံး မျိုးဆက်သစ်များ အဖြစ်နဲ့ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ဒီမိုကရေစီအရေးတော်ပုံကြီးမှာ၊ ဆက်လက်ပြီး တိုက်ပွဲဝင်ခဲ့ ကြ၊ တိုက်ပွဲဝင်နေဆဲဖြစ် ပါတယ်။

တိုင်းရင်းသား ပါတီတွေကို စစ်အုပ်စုက လိုက်လံနှိပ်ကွပ်ပြီး၊ ချင်းခေါင်းဆောင်များ ပြည်ပကိုတိမ်းရှောင် ခဲ့ကြရကာ၊ ဆလိုင်းရမ်းလိန်မှုန်းဟာ ပူကျင်ရှင်းထန် အစရှိတဲ့ခေါင်းဆောင်များနဲ့ ပြည်တွင်းမှာ ကျန်ရစ်ခဲ့ပြီး ဆက်လက် တိုက်ပွဲဝင်ခဲ့ပါတယ်။

ဒီဇင်ဘာလ (၁၈) ရက်နေ့ ၂၀၀၅၊ မှာ ဆလိုင်းရမ်လိန်မှုန်းဟာ သူချစ်တဲ့သူ့ မိသားစု၊ ချင်းလူမျိုးနဲ့ ချင်းရိုးမ တောင်တန်းကြီးကို နှုတ်မဆက်ပဲရုတ်တရက်စွန့်ခွာခဲ့တယ်။ သူ ကျနော်တို့ကို စွန့်ခွာခဲ့တာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပေမဲ့ .....

**တောင်ဇလပ်ပန်း နီနီလေးတွေရယ်၊ ချစ်စရာ "ရီ"ရေကန်ငယ်လေးရယ် ရှိနေသေးသရွေ့၊ မြင့်မား ခန့်ညားလှတဲ့ အနောက်ရိုးမ တောင်ကျော် တစ်လျောက်မှာ အမြင့်ပျံ အောက်ချင်ငှက်တွေ လေဟုန်စီးပျံသန်း နေကြသေး သရွေ့တော့၊ ဆလိုင်း ရမ်လိန်မှုန်းရဲ့ ရင်ခုန်သံတွေကို ကျနော်တို့ ကြားနေကြ ရဦးမှာပါ။**

-- ပြီး --

**မှတ်ချက်။** ဤဆောင်းပါးကို ဆလိုင်းရမ်လိန်မှုန်း အမှတ်တရအဖြစ် ဒီဇင်ဘာလ (၁၈) ရက်နေ့ ၂၀၀၆ တွင် ထုတ်လွှင့်ရန် ရည်ရွယ်ခဲ့သော်လည်း မလွဲမရှောင်သာသော နာရေးကစ္စတစ်ခုကြောင့် အချိန်မှီမပြီးပြတ် နိုင်ခဲ့ပဲ၊ အချိန်လွန်မှ ထုတ်လွှင့်ရပါသည်။

**ကျေးဇူးတင်စကား။** ဤဆောင်းပါးကို တည်းဖြတ်ပေးသည့် Julia Man Ngaih Hau နှင့် Salai Ngun C. Lian တို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။



**Standing from Left to Right:** Salai Sing Nang, A Kuki student leader, Salai Ram Ling Hmung, ???, ??? , Salai Suanpi, Salai Cung Nung, the late Salai Sun Ceu.

**Sitting from Left to Right:** Salai Lang Za Thang (A Kuki leader), Salai Kipp Kho Lian, Salai Za Kung, Salai Khai Do Pau, Salai Lian Cin Mang, the late Salai AL Thang.

**Absentee:** Salai Ral Kap Thanga

Note: The photo was taken in 1977 or 1978 at Tahan during an unofficial Salai Mai Seminar organized by Salai Ram Ling Hmung.